# မဟာဗျူဟာ
# အစီရင်ခံစာ

## P. ၄ - ၁၅



မြန်မာ့တောင်သူလယ်သမားများသည် ရာသီဥတုပြောင်းလဲမှု၏ ထိခိုက်မှုများကို ယခုလက်ရှိ၌ပင် ခံစားနေကြရလျက်ရှိပြီး ၎င်းသည် အန္တရာယ်များနှင့်အတူ စီးပွားရေးအခွင့်အလမ်းများကိုလည်း ဖော်ပြလျက်ရှိသည် ဟု မြန်မာ့သြဘာအနေဖြင့် နားလည်ထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပိုမိုအချိတ်အဆက်မိသော စီးပွားရေးပုံစံအပေါ် အခြေခံ၍ ဇီဝမြေသြဇာကဲ့သို့သော အသစ်အသစ်သော ဖြေရှင်းနည်းလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ကိုင်လျက်ရှိပါသည်။

# ဦးဆောင်သူ၏ အဆိုပြုချက်



“နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော တောင်သူလယ်သမားများနှင့် လူမှုအသိုင်းအဝိုင်းအား အကျိုးပြုပြီး လယ်ယာလုပ်ငန်းကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်စေရန် ရိုးရှင်းသောရည်ရွယ်ချက်များဖြင့် စတင်လုပ်ဆောင်ခဲ့ပါသည်။”

**ဦးသတိုးဟိန်း**
**Group CEO**

လေးစားရပါသော စာဖတ်သူများခင်ဗျာ

မြန်မာ့သြဘာလုပ်ငန်းစုသည် ၂၀၂၅ ခုနှစ် ဧပြီလတွင် ကျွန်ုပ်တို့၏ အနှစ် ၃၀ မြောက် နှစ်ပတ်လည် ပွဲ ကို ကျင်းပသွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မြန်မာ့သြဘာလုပ်ငန်းအား ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် မြန်မာ့သြဘာလုပ်ငန်းစုဟူ၍ သိရှိထားကြပါသည်။ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော တောင်သူလယ်သမားများနှင့် လူမှုအသိုင်းအဝိုင်းအား အကျိုးပြုပြီး လယ်ယာလုပ်ငန်းကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်စေရန် ရိုးရှင်းသောရည်ရွယ်ချက်များဖြင့် စတင်လုပ်ဆောင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဆောင်ရွက်မှုများသည် ပိုမိုကောင်းမွန်သော ထုတ်ကုန်များ၊ ဖြေရှင်းနည်းများကို တိုးမြှင့်ပေးခြင်းနှင့် မြန်မာ့တောင်သူ လယ်သမားများအတွက် အသိပညာနှင့် ကျွမ်းကျင်မှုရရှိစေရန်တို့ဖြစ်သော အဓိကအစိတ်အပိုင်းနှစ်ခုအပေါ် မှီခိုအားထားလျက်ရှိပါသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း မြန်မာ့သြဘာလုပ်ငန်းစုသည် အားသွန်ခွန်စိုက် ကြိုးစားလျက်ရှိသည့် ကျွမ်းကျင်သော ဝန်ထမ်း ၂,၇၀၀ ကျော်ဖြင့် ဖြန့်ဖြူးသူပေါင်း ၄,၆၀၀ ကျော်၏ ကျယ်ပြန့်သောကွန်ရက်များမှတစ်ဆင့် နိုင်ငံတစ်ဝန်းတွင်ရှိသော မြန်မာ့တောင်သူဦးကြီးများအား နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် စက်မှုနှင့်နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်အားတည်ဆောက်ရန်၊ စိုက်ပျိုးရေးပညာရှင်များ၏ စွမ်းဆောင်မှုကိုမြှင့်တင်ရန်နှင့် တောင်သူလယ်သမားများအတွက် လိုအပ်သည့်ငွေကြေးထောက်ပံ့မှုများ ရရှိနိုင်ရေးတို့အတွက် ကျွန်ုပ်တို့၏ လုပ်ငန်းခွဲများဖြစ်ကြသော မဟာစိုက်ပျိုးရေး အသေးစားငွေရေးကြေးရေးကုမ္ပဏီနှင့် ZEGA Finance ကုမ္ပဏီလီမိတက်တို့မှတဆင့် ဝန်ဆောင်မှုပေးခြင်း အစရှိသည်တို့ကို လုပ်ဆောင်ခဲ့သည်။ ဆက်လက်၍ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ပြီးခဲ့သောနှစ်အတွင်း ရှိနှင့်ပြီးသားဖြစ်သော ထုတ်လုပ်မှုလိုင်းများကို တိုးတက်ကောင်းမွန်စေရန်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဓီဝဓာတ်မြေသြဇာ စက်ရုံအသစ်တည်ဆောက်ရန်နှင့် ရှမ်းပြည်နယ်တွင် ဒတ်ချ်ကုမ္ပဏီတစ်ခုမှ အသုံးပြုမည်ဖြစ်သော နိုင်ငံတကာအဆင့်မီ ပြောင်းဖူးအခြောက်ခံစက်ရုံ တည်ဆောက်ရန်အတွက် ငွေကျပ် ၇ ဘီလီယံကို ရင်းနှီးမြှုပ်နှံခဲ့သည်။ ၎င်းတို့သည် ကျွန်ုပ်တို့အားလုံးအတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ တောင်သူလယ်သမားများအတွက်မူ ဥတုရာသီနှင့်ကိုက်ညီသော၊ ဈေးနှုန်းအားဖြင့်သင့်တင့်မျှတသော ထုတ်ကုန်နှင့် ဖြေရှင်းနည်းအသစ်များကို ရရှိစေနိုင်သည့်အတွက် ၎င်းတို့၏ မိသားစုဝင်များအတွက် ပိုမိုကောင်းမွန်သော အကျိုးအမြတ်များကို ရရှိလာနိုင်စေမည်ဖြစ်သည်။ ထို့အတူ မြန်မာ့သြဘာလုပ်ငန်းစုအတွက်လည်း ဒေသတွင်းစွမ်းဆောင်ရည်များကို တိုးတက်စေပြီး နိုင်ငံတကာကုန်သွယ်မှုကို ထိခိုက်စေနိုင်သော အနှောင့်အယှက်များစွာအပေါ် မှီခိုအားထားနေရမှုကို လျော့နည်းစေရန် ကူညီပေးကာ မြန်မာ့သြဘာလုပ်ငန်းစု၏ ခိုင်မာမှုနှင့် အနာဂတ်အတွက်အဆင်သင့်ဖြစ်နိုင်စေရန် ပြင်ဆင်မှုများကို ပိုမိုကောင်းမွန်လာစေပါသည်။

ထို့အပြင် မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့နိုင်မှုသည် ဆုံးဖြတ်ချက်များကို လိုက်လျောညီစွာ အလိုက်သင့် ချမှတ်နိုင်မည့် ကျွန်ုပ်တို့၏စွမ်းဆောင်ရည်များအပေါ်တွင် မူတည်လျက်ရှိပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် နောက် ၃၀ နှစ်အတွင်း တိုးတက်ဖွံ့ဖြိုးနေစေရန်အတွက် ခေတ်အဆက်ဆက် လုပ်ငန်းဆောင်ရွက်နိုင်ရေး (Succession Planning) ကို ယခုကတည်းက စတင်လုပ်ဆောင်သင့်ပါသည်။ မိသားစုပိုင်လုပ်ငန်းဖြစ်သည့်အလျောက် မြန်မာ့သြဘာလုပ်ငန်းစုသည် လုပ်ငန်းအောင်မြင်မှုအတွက် အရေးပါသည့် အခြေခံအထောက်အကူအဖြစ်တည်ရှိမည်ဟု ယုံကြည်ထားသော ကော်ပိုရိတ် စီမံအုပ်ချုပ်မှု (Corporate Governance) လုပ်ထုံးလုပ်နည်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ ၂၀၂၅ ခုနှစ်အတွက် အဓိကအားစိုက်ရာနယ်ပယ်ဖြစ်ပြီး လက်ရှိတွင် ပိုမိုနည်းစနစ်ကောင်းမွန်သည့် ဒါရိုက်တာဘုတ်အဖွဲ့ (Board of Directors) အသစ်ကို တည်ထောင်ရန် ပြင်ဆင်လျက်ရှိပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများကိုလည်း တိုးတက်ကောင်းမွန်စေရန် အာရုံစိုက်သွားမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်တွင် ကျွန်ုပ်တို့၏ဝန်ထမ်းတစ်ဦး လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ် ယာဉ်မတော်တဆဖြစ်၍ အသက်ဆုံးရှုံးသည့် ဝမ်းနည်းဖွယ်ဖြစ်စဉ်တစ်ရပ် ဖြစ်ပွားခဲ့ပါသည်။ ထိုမတော်တဆဖြစ်စဉ်အပေါ် အခြေခံ၍ မြန်မာ့သြဘာလုပ်ငန်းစုအတွင်း ဘေးကင်းလုံခြုံမှုဆိုင်ရာ ဆောင်ရွက်မှုများအား တိုးချဲ့ကာ ဝန်ထမ်းအားလုံး လုံခြုံစိတ်ချစွာ အလုပ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လုပ်ငန်းစုအတွင်း ရေရှည်တည်တံ့မှုဆိုင်ရာ ဆောင်ရွက်ချက်များကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ကာ ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ခိုင်မြဲရေးအရာရှိ ဦးဆောင်မည့် မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ ကော်မတီ (Sustainability Committee) ကို စတင်တည်ထောင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် ဝန်ထမ်းအားလုံး လုံခြုံစွာအလုပ်လုပ်ဆောင်နိုင်ရန်နှင့် မိမိတို့အိမ်သို့ အနာတရမရှိဘဲ ပြန်လည်ရောက်ရှိနိုင်ရန် အားစိုက်ကြိုးပမ်းနေသည်ဖြစ်သည့်အလျောက် ၂၀၂၅ ခုနှစ်အတွက် အဆိုပါကော်မတီသည် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးအတွက် အလေးပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤသို့စိန်ခေါ်မှုများစွာ ကြုံတွေ့နေသော်လည်း မြန်မာ့သြဘာလုပ်ငန်းစုမှ ဝန်ထမ်းတစ်ဦးချင်းစီသည် ကျွန်ုပ်တို့ သန္နိဋ္ဌာန်ချထားခဲ့သည့် ရည်ရွယ်ချက် များအတိုင်းမူတည်၍ ဆက်လက်ကြိုးစားနေကြပါသည်။ ဤသို့ဆောင်ရွက်ခြင်းသည် မတည်ငြိမ်မှုများဖြင့် ခန့်မှန်းရန်ခက်ခဲသည့် ပတ်ဝန်းကျင်တွင် တာဝန်ထမ်းဆောင်ရာတွင် ကျွန်ုပ်တို့အတွက် လမ်းပြကြယ်တစ်စင်း အဖြစ် အရေးပါလှပါသည်။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုကို ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်းသည် မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် အလွန်တန်ဖိုးရှိသည့် အကျိုးသက်ဆိုင်သူများ၏ ယုံကြည်မှုကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ အခြေခံကျသည့် အရေးပါမှုရှိသည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် ပြီးပြည့်စုံမှုမရှိသော်လည်း မြန်မာ့သြဘာလုပ်ငန်းစုကို ပိုမိုကောင်းမွန်သည့် အနာဂတ်သို့ ဦးတည်နိုင်ရေးအတွက် ဝန်ထမ်းတစ်ဦးချင်းစီမှ ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယုံကြည်နိုင်ပါသည်။

ဤအစီရင်ခံစာနှင့်ပက်သက်၍ သင်ပိုမို၍သိရှိလိုပါက (သို့မဟုတ်) အကြံပြုလိုပါက ကျွန်ုပ်တို့၏ရေရှည်တည်တံ့ခိုင်မြဲရေး အရာရှိချုပ် ထံသို့ လွတ်လပ်စွာ ဆက်သွယ်နိုင်ပါသည်။ ထိုသို့အကြံပြုချက်များသည် ကျွန်ုပ်တို့ရေရှည်တည်တံ့ရေး အစီစဉ်များအား တိုးတက်ရန် ကူညီနိုင်ပါသည်။ ကျေးဇူးအထူးတင်ရှိပါသည်။

ဦးသတိုးဟိန်း
Group CEO

**ကော်ပိုရိတ်စီမံအုပ်ချုပ်ရေး**

More information is available on our website, ကျွန်ုပ်တို့ဘုတ်အဖွဲ့၏ မကြာသေးမီက လုပ်ဆောင်ချက်များ

# မြန်မာ့သြဘာလုပ်ငန်းစုအား ပိုမိုကောင်းမွန်သော ကုမ္ပဏီအဖြစ်သို့လုပ်ဆောင်ခြင်း

ရေရှည်တည်တံ့ခိုင်မြဲမှုဟူသည်မှာ မြန်မာ့သြဘာလုပ်ငန်းစုအတွက် ထည့်ဝါမှုအတွက် ဆောင်ရွက်သော အရာတစ်ခု မဟုတ်ပါ။ စိုက်ပျိုးရေးသည် သဘာဝအရင်းအနှီးများအပေါ် မှီခို၍ တိုးတက်ခြင်း ဖြစ်သည့်အလျောက် ဝတ်မှုန်ကူးစက်ခြင်းများ၊ ကျန်းမာသော မြေကြီးများနှင့် ရေတို့မရှိပါက တောင်သူလယ်သမားများသည်လည်း သီးနှံများကို စိုက်ပျိုးနိုင်တော့မည်မဟုတ်သည်သာမက ကျေးလက်ဒေသရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရှားပါးလာကာ ရေရှည်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်တော့မည် မဟုတ်ပါ။

ကျွန်ုပ်တို့၏ ထုတ်ကုန်များထံမှ ပတ်ဝန်းကျင်ထိခိုက်မှုကို တတ်နိုင်သမျှ လျှော့ချနိုင်ရန်အတွက်လည်း အဆိုပါထုတ်ကုန်များကို တောင်သူလယ်သမားများမှ တာဝန်ရှိစွာအသုံးပြုနိုင်စေရန် စဉ်ဆက်မပြတ် ကူညီပေးနိုင်ရန် ရည်ရွယ်ထားလျက်ရှိပါသည်။



## မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲရေးအဖွဲ့

၂၀၂၂ ခုနှစ်တွင် မြန်မာ့သြဘာလုပ်ငန်းစု၏ Group CEO မှ ကျွန်ုပ်တို့၏ ပထမဦးဆုံး ရေရှည်တည်တံ့ခိုင်မြဲရေးအရာရှိချုပ်ကို တာဝန်ပေးအပ်ခဲ့သည်။ သူသည် မြန်မာ့သြဘာလုပ်ငန်းစု၏ အမှုဆောင်ကော်မတီအဖွဲ့ဝင်တစ်ဦးအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးဌာနများအားလုံးနှင့် ထိတွေ့ဆက်ဆံပြီး ၎င်းတို့အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးအပေါ်တွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ကဏ္ဍ များနှင့် ကော်ပိုရိတ် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများကိုလည်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ခိုင်မြဲရေးအရာရှိချုပ် သည် ဝန်ထမ်း ၂ ဦး ပါဝင်သည့် အဖွဲ့နှင့် လက်တွဲလုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံတွင်းရှိ စီးပွားရေးအကြံပေးကုမ္ပဏီတစ်ခု၏ ပံ့ပိုးမှုနှင့် အတွေ့အကြုံများကို အားထားကာ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။



# ရေရှည်တည်တံ့ခိုင်မြဲမှုဆီသို့ ကျွန်ုပ်တို့၏ ချဉ်းကပ်ပုံကို မည်သို့တည်ဆောက်ခဲ့သနည်း။

awba group

၂၀၂၁ ခုနှစ်တွင် မြန်မာ့သြဘာလုပ်ငန်းစုသည် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းကို စီမံခန့်ခွဲရန် ဆုံးဖြတ်ခဲ့သည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ စီအီးအိုမှ ရှေ့ဆောင်ခဲ့ပြီး၊ အဆိုပါစီမံကိန်းသည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးဌာနများအားလုံး ပါဝင်ခဲ့ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အရာရှိအသစ်ကိုလည်း ခန့်အပ်ပြီး၊ ကျွန်ုပ်တို့အား ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသတွင်းရှိ အတိုင်ပင်ခံ ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

၁။ 

ကျွန်ုပ်တို့၏ အရေးပါသော အကျိုးသက်ဆိုင်သူများကို ဖော်ထုတ်၍ ထိတွေ့ဆက်ဆံဆောင်ရွက်ခြင်း

၂။ 


ကျွန်ုပ်တို့၏ ပြဿနာများကို ဦးစားပေး၍ လုပ်ထုံးလုပ်နည်းကို စီမံခန့်ခွဲခြင်း

၃။ 


ကျွန်ုပ်တို့၏ အစီရင်ခံစာများကို စနစ်တကျ တည်ဆောက်၍ အချက်အလက်များကို စုဆောင်းခြင်း

ရလဒ်အနေဖြင့် မြန်မာ့သြဘာလုပ်ငန်းစုကို အနာဂတ်တွင် ပိုမိုတာဝန်ရှိပြီး၊ ရေရှည်တည်တံ့ခိုင်မြဲရေးကိုပိုမိုအာရုံစိုက်ရန်၊တနည်းအားဖြင့်ဆိုသော်ပိုမိုကောင်းမွန်လာစေနိုင်ရန်အတွက်ဆောင်ရွက်ပေးမည့် နည်းဗျူဟာတစ်ခု ဖြစ်ခဲ့ပါသည်။ "ပိုမိုကောင်းမွန်သော မြန်မာ့သြဘာ" စီမံကိန်းသည် လေးမျိုးသော အခြေခံထောက်တိုင်များနှင့် အဓိက ဦးစားပေးချက် ၉ ခုနှင့် အခြေခံ၍ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

၄။ BETTER awba group

- မြန်မာ့တောင်သူဦးကြီးများအား အကျိုးပြုစေမည့် စိုက်ပျိုးရေး ဖြေရှင်းနည်းလမ်းများ
- ကျွန်ုပ်တို့၏ ဝန်ထမ်းများအား ခွန်အားပေးဆောင်နိုင်မည့် လုပ်ငန်းခွင်
- ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် ကောင်းမွန်သည့် ဆက်ဆံရေးများ တည်ဆောက်နိုင်မည့် စီးပွားရေး အလေ့အကျင့်များ
- ချမ်းသာကြွယ်ဝသည့် မြန်မာနိုင်ငံအား တည်ဆောက်နိုင်မည့် အားလုံးအတူပါဝင်မှု

# ရေရှည်တည်တံ့ခိုင်မြဲရေးနည်းဗျူဟာအတွက် အခြေခံထောက်တိုင် လေးမျိုး

## ပိုမိုကောင်းမွန်သော စိုက်ပျိုးရေး ဆိုင်ရာဖြေရှင်း နည်းစနစ်များ

### ကုန်ပစ္စည်းကြီးကြပ်မှု

စိုက်ပျိုးရေးသုံးဆေးဝါးများနှင့် မျိုးစေ့များသည် တောင်သူလယ်သမားများကို တိုးတက်စေခြင်းတွင် အရေးပါပါသည်။

သို့သော်လည်း တာဝန်ရှိသော ကုမ္ပဏီတစ်ခုအနေဖြင့် မြန်မာ့သြဘာလုပ်ငန်းစုသည် အောက်ပါအချက်များအပေါ် အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

- ဆန်းသစ်ပြီး အော်ဂဲနစ်ဖြစ်သော ထုတ်ကုန်များနှင့် ဖြေရှင်းနည်းများကို ပိုမို ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို စတင်မိတ်ဆက်၍ ရောင်းချခြင်းများမပြုလုပ်မီ လိုအပ်သောအချက်အလက်များနှင့် စံချိန်စံညွှန်းများအားလုံးနှင့် ကိုက်ညီမှုရှိစေရန် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ လိုအပ်သော အတည်ပြုချက်များအားလုံး ဦးစွာရယူရန်
- ထုတ်ကုန်၏ ဖော်မြူလာကို တိုးတက်စေခြင်းနှင့် ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်မှုကို အားမြှင့်စေရန်
- ကျွန်ုပ်တို့၏ နည်းပညာဆိုင်ရာ ပညာရှင်များထံမှ ထုတ်ကုန်များကို တာဝန်ရှိစွာ အသုံးပြုနိုင်ရန် လေ့ကျင့်ပေးခြင်း
- ကျွန်ုပ်တို့၏ ထုတ်ကုန်များ၏ ထိခိုက်မှုများကို လျှော့နည်းစေရန် ၎င်းတို့၏ သဘာဝလည်ပတ်မှုဖြစ်စဉ်ကို စဉ်ဆက်မပြတ် ထည့်သွင်းစဉ်းစားခြင်း– ဥပမာအားဖြင့် ကျွန်ုပ်တို့သည် စိုက်ပျိုးသုံးထုတ်ကုန်ပစ္စည်းများအား တာဝန်ရှိစွာ စွန့်ပစ်ခြင်းနည်းလမ်းများကို ထည့်သွင်းစဉ်းစားပါသည်။

### သက်ရှိကမ္ဘာ

တောင်သူလယ်သမားများသည် သဘာဝအရင်းအမြစ်များအပေါ် အခြေခံ၍ သီးနှံများကို စိုက်ပျိုးကြရသည်ဖြစ်သည့်အလျောက် ၎င်းတို့မရှိပါက ရေရှည်တည်တံ့၍ တိုးတက်ရန်မဖြစ်နိုင်ပါ။ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှု၏ ထိခိုက်မှုများကို အပြင်းထန်ဆုံးကြုံတွေ့ရမည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့သြဘာလုပ်ငန်းစုသည် ကာဗွန်ထုတ်လွှတ်မှုများကို လျှော့နည်းစေရန်နှင့် မြန်မာနိုင်ငံ၏ ဂေဟစနစ်များကို ကာကွယ်ရန်ရည်ရွယ်ကာ အားသွန်ခွန်စိုက်ဆောင်ရွက်နေပါသည်။

> “မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲမှု၏ ထိခိုက်မှုများကို အပြင်းထန်ဆုံး ကြုံတွေ့ရမည့် နိုင်ငံများထဲမှ တစ်နိုင်ငံ ဖြစ်ပါသည်။ ”

## ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်

### ကောင်းမွန်သော လုပ်ငန်းခွင်

ကောင်းမွန်သော လုပ်ငန်းခွင်ကို ပေးဆောင်ခြင်းသည် မြန်မာ့သြဘာလုပ်ငန်းစု၏ တိုးတက်မှုအတွက် လိုအပ်သော လူသားအရင်းအမြစ်များကို ဆွဲဆောင်ထိန်းသိမ်းရန်နှင့် တိုးတက်စေရန်အတွက် အရေးကြီးပါသည်။

ကျွန်ုပ်တို့သည် တာဝန်ရှိသော ဝန်ထမ်းခန့်အပ်သူအဖြစ် လုပ်ဆောင်ရန် ရည်ရွယ်ထားပြီး မည်သည့်ခွဲခြားမှုမျိုးကို မဆို ခွင့်ပြုမည်မဟုတ်ပါ။

အထူးသဖြင့် ကျွန်ုပ်တို့သည် အောက်ပါအချက်များအပေါ် အာရုံစိုက်လျက်ရှိပါသည်။

- လူမှုရေးပေါင်းစည်းမှုရှိပြီး အမျိုးမျိုးသော ယဉ်ကျေးမှုများနှင့်အတူတကွ လေးစားမှုရှိသော လုပ်ငန်းခွင်တစ်ခု တည်ဆောက်ခြင်း
- လုံခြုံသော၊ ကျန်းမာသော လုပ်ငန်းခွင်အခြေအနေများကို ရရှိစေခြင်း
- ထူးချွန်ထက်မြက်သော အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများကို ပေးဆောင်ပြီး အရည်အချင်းများကို မွေးမြူခြင်း



## ပိုမိုကောင်းမွန်သော စီးပွားရေး အမှုအကျင့်များ

### စီးပွားရေးသမာဓိ

သမာဓိကို ကာကွယ်ခြင်းသည် မြန်မာ့သြဘာလုပ်ငန်းစု၏ အရေးကြီးဆုံးချက်တစ်ရပ်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းမျဉ်းသည် ဝန်ထမ်းများအနေနှင့် ၎င်းတို့၏ တာဝန်များကို မည်သို့ ဆောင်ရွက်သင့်ကြောင်း သတ်မှတ်ပေးထားပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် ကျွန်ုပ်တို့၏ အကျိုးသက်ဆိုင်သူများအား ၎င်းတို့၏ စိုးရိမ်မှုများကို တိုက်ရိုက်ဖော်ပြရန်အားပေးပါသည်။ ၎င်းသည် ကျွန်ုပ်တို့အနေဖြင့် ကျင့်ဝတ်နှင့် သက်ဆိုင်သော အန္တရာယ်များကို မှတ်တမ်းတင်၍ ထိန်းချုပ်နိုင်ရန် အဓိကသော့ချက်လည်း ဖြစ်ပါသည်။

### ဂေဟစနစ်နှင့် သဟဇာတဖြစ်သော ကုန်ထုတ်လုပ်မှု

ကျွန်ုပ်တို့၏ ထုတ်ကုန်များကို ထုတ်လုပ်ရာတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့် ရေ စသည်တို့ကို အသုံးပြုပါသည်။ ထိုသို့ လိုအပ်သော သယံဇာတများကို အသုံးချရာတွင် ကျွန်ုပ်တို့၏ မူဝါဒတွင် ချမှတ်ထားသည့်အတိုင်း ထိရောက်စွာအသုံးချနိုင်ရန်နှင့် စက်မှုလုပ်ငန်းစဉ်များ၏ ဘေးပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင် ထိခိုက်နိုင်ခြေညွှန်းကိန်းများကို လျှော့ချရန် ရည်ရွယ်ပါသည်။ ကမ္ဘာမြေကြီးအတွက် ကောင်းမွန်သောအရာသည် ကျွန်ုပ်တို့၏ စီးပွားရေးအတွက်လည်း အကျိုးရှိသည်ဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ ကို အနည်းဆုံးဖြစ်စေရန် စွမ်းအင်နှင့် စွန့်ပစ်ပစ္စည်းများ ကို ခြေရာခံနိုင်ရန် ကြိုးပမ်းနေပါသည်။

### ကုန်စည်ထောက်ပံ့ရေးဆိုင်ရာ စီမံခန့်ခွဲမှု

ကျွန်ုပ်တို့သည် အမျိုးမျိုးသော လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်ကြမ်းများကို တင် သွင်းကာ ၎င်းတို့ကို မြန်မာ့သြဘာ၏ ထုတ်ကုန်များအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ထုတ်ကုန်များကို ကျွန်ုပ်တို့၏ ဖြန့်ဖြူးရောင်းချသူ ၄,၆၀၀ ကျော်မှတစ်ဆင့် နိုင်ငံတစ်ဝှမ်းရှိ တောင်သူလယ်သမား ထောင်ပေါင်းသောင်းပေါင်းများစွာဆီသို့ ဖြန့်ဖြူးပို့ဆောင်ပေးနေပါသည်။

ကျွန်ုပ်တို့သည် စီးပွားရေးဆိုင်ရာ အန္တရာယ်များကို ဆန်းစစ်သုံးသပ်၍ ကျွန်ုပ်တို့၏ ထုတ်ကုန်များမှတစ်ဆင့် မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများအတွက် တန်ဖိုးဖန်တီးနိုင်မည့် မရှိမဖြစ်လိုအပ်သော လုပ်ငန်းအစိတ်အပိုင်းများနှင့် ဆက်ဆံကာ အားစိုက်ဆောင်ရွက်လျက်ရှိပါသည်။

### လူ့အခွင့်အရေး

မြန်မာ့သြဘာလုပ်ငန်းစုသည် လူ့အခွင့်အရေးကို လေးလေးစားစား ထိန်းသိမ်းလိုက်နာသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အန္တရာယ်များကို သုံးသပ်လေ့လာပြီး၊ လိုအပ်သည့်အခါ သက်ဆိုင်ရာ ထိရောက်သော ကုထုံးများကို ပြုလုပ်ပေးနိုင်ရန် သေချာစေနိုင်ပါသည်။

## အတူတကွ အားလုံးပိုမို ကောင်းမွန်ခြင်း

### အကျိုးသက်ဆိုင်သူများနှင့် ဆက်ဆံရေး

တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်းသည် အကျိုးသက်ဆိုင်သူများ၏ ယုံကြည်မှုကို ရရှိရန်အတွက် အရေးကြီးပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည်အကျိုးသက်ဆိုင်သူများနှင့်ပုံမှန်အားဖြင့် ထိတွေ့ဆက်ဆံရန် ရည်ရွယ်ထားပါသည်။ ၎င်းသည် ရေရှည်တည်တံ့သော ဆက်ဆံရေးများကို တည်ဆောက်နိုင်ရန်နှင့် လုပ်ငန်းလည်ပတ်နိုင်ရန်အတွက်လိုအပ်သော ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာနှင့် လူမှုရေးဆိုင်ရာလိုင်စင်များကို ကာကွယ်ရန်အတွက် အရေးကြီးပါသည်။

### ကုမ္ပဏီဆိုင်ရာ ပရဟိတလုပ်ဆောင်မှုများနှင့် လှူဒါန်းမှုများ

မြန်မာ့သြဘာလုပ်ငန်းစုသည် နိုင်ငံတစ်ဝှမ်းရှိ အားထားရမည့် လူ့အဖွဲ့အစည်းများကို ထောက်ပံ့ရန် ရည်မှန်းထားပါသည်။

ကျွန်ုပ်တို့၏ မူဝါဒသည် ဦးစားပေးမှုများနှင့်အညီ တန်ဖိုးရှိသည့် အခြေခံထောက်တိုင်လေးခုအပေါ် အခြေခံထားပြီး၊ လူ့အဖွဲ့အစည်းများကို ပံ့ပိုးကူညီရန် သေချာစွာ ပြုလုပ်ထားပါသည်။



# ရေရှည်တည်တံ့ပြီး ဝေမျှသောတန်ဖိုးအား ဖန်တီးခြင်း

## မြန်မာ့သြဘာလုပ်ငန်းစု၏ စီးပွားရေးသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။

1.



### စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံအတွက် အရေးပါပြီး ၂၀၂၄ ခုနှစ်တွင် အောက်ပါအတိုင်း ပါဝင်သည်။

- မြန်မာနိုင်ငံ GDP ၏ ၂၃% ကို စိုက်ပျိုးရေးကဏ္ဍမှ ဖြည့်ဆည်းပေးခြင်း[1]
- ပြည်ပတင်ပို့မှု၏ ၁၈% ကို စိုက်ပျိုးရေးကဏ္ဍမှ ဖြည့်ဆည်းပေးခြင်း[2]
- အလုပ်အကိုင်များ၏ ၄၈.၈% ကို စိုက်ပျိုးရေးကဏ္ဍမှ ဖြည့်ဆည်းပေးခြင်း[3]

နေ့စဉ်နှင့်အမျှ နိုင်ငံတစ်ဝှမ်းရှိ တောင်သူလယ်သမားများသည် ကောက်ပဲသီးနှံများ၊ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို ကြိုးစားထုတ်လုပ်လျက်ရှိသည်။
ထိုထုတ်ကုန်များသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွဲ့စည်းပုံကို ထိန်းသိမ်းပေးရုံသာမက မြန်မာနိုင်ငံရှိ ပြည်သူများအား အာဟာရဖြည့်ဆည်းပေးနိုင်ရန်အတွက် မရှိမဖြစ် အရေးပါပါသည်။

2.

awba group

### မြန်မာ့သြဘာလုပ်ငန်းစုသည် မြန်မာနိုင်ငံတောင်သူလယ်သမားများအား များပြားလှသော ဖြေရှင်းနည်းများကို ပေးစွမ်းလျက်ရှိသည်။

- ၁၄ ခုသော စီးပွားရေးအဖွဲ့ (BU) များ
- တစ်ခုတည်းသော ပန်းတိုင်ကို ဦးတည်လျက်ရှိသည့် ၂,၇၂၀ သော ဝန်ထမ်းများ

မြန်မာ့သြဘာလုပ်ငန်းစု၏ စီးပွားရေးအဖွဲ့ (BU) များအကြား ပူးပေါင်းဆောင်ရွက်မှုများသည် တောင်သူလယ်သမားများအား မှန်ကန်သော မျိုးစေ့များ၊ စိုက်ပျိုးရေးသုံးဆေးဝါးများ၊ မြေသြဇာများကဲ့သို့ ထုတ်ကုန်များကို ရရှိနိုင်ရန်သာမက ၎င်းတို့၏ လုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ရန် ဖြေရှင်းနည်းများကို ပေးစွမ်းနိုင်ပါသည်။

3.



### မြန်မာ့သြဘာလုပ်ငန်းစုသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် မတ်လအတွင်း ၃၉၂,၀၀၀ ကျော်သော ဖောက်သည်များကို ဝန်ဆောင်မှုပေးခဲ့သည်။

- တိုင်းနှင့်ပြည်နယ် ၁၀ ခုတွင် ၄,၆၀၀ ကျော်သော ဖြန့်ဖြူးရောင်းချသူများ၊
- မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို ထိရောက်စွာနှင့် တာဝန်ယူမှုရှိစွာ အသုံးပြုနိုင်ရန် လေ့ကျင့်ပေးခဲ့သည့် ၁၂၃,၅၀၀ ကျော်သော တောင်သူလယ်သမားများ

မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် ဖြန့်ဖြူးရောင်းချသူများကွန်ရက်နှင့် စိုက်ပျိုးရေးပညာရှင်များ၏ ကျွမ်းကျင်မှုတို့ကို အသုံးပြု၍ နိုင်ငံတစ်ဝှမ်းရှိ တောင်သူလယ်သမားများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံနိုင်ရန်နှင့် ၎င်းတို့အား မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို အကောင်းဆုံး အသုံးပြုနိုင်ရန် လမ်းညွှန်ပေးခဲ့ပါသည်။



### မြန်မာ့သြဘာလုပ်ငန်းစု၏ စီးပွားရေးလုပ်ငန်းသည် အဓိက လုပ်ဆောင်ချက်ငါးမျိုးကို လုပ်ကိုင်လျက်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် တောင်သူလယ်သမားများအား အရည်အသွေးမြင့်ပြောင်းစေ့များ၊ ဟင်းသီးဟင်းရွက်များ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကိုရရှိနိုင်ရန်နှင့် မတူညီသောသီးနှံအမျိုးမျိုးတို့ကို စိုက်ပျိုးနိုင်ရန် သေချာစေပါသည်။

### မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် တန်ဖိုးများ ဖန်တီးရန် ဖော်ပြပါအရင်းအနှီးများတွင် မှီတည်နေပါသည် -

က) မြန်မာ့သြဘာလုပ်ငန်းစုရှိ ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ စိတ်အားထက်သန်မှုနှင့် အလုပ်အပေါ် ရင်းနှီးမြှုပ်နှံထားမှုတို့သည် မြန်မာ့သြဘာလုပ်ငန်းစု၏ လူသားအရင်းအမြစ်ဖြစ်ပါသည်။

ခ) နိုင်ငံတွင်းနှင့်နိုင်ငံခြားရှိ ဖြန့်ဖြူးရောင်းချသူများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ကုန်ကြမ်းပေးသွင်းသူများနှင့် တည်ဆောက်ထားသော ဆက်ဆံရေးများသည် မြန်မာ့သြဘာလုပ်ငန်းစု၏ လူမှုအရင်းအနှီးဖြစ်ပါသည်။

ဂ) မြန်မာ့သြဘာလုပ်ငန်းစု၏ စက်မှုလုပ်ငန်းနေရာများ၊ ထုတ်လုပ်ရေးစက်ရုံများနှင့်အခြားသော စက်မှုဆိုင်ရာ အခြေခံအဆောက်အဦးများသည် မြန်မာ့သြဘာလုပ်ငန်းစု၏ စက်မှုအရင်းအနှီး ဖြစ်ပါသည်။

ဃ) မြန်မာ့သြဘာလုပ်ငန်းစု၏ ဉာဏအရင်းအနှီးသည် ကျွန်ုပ်တို့၏ဆန်းသစ်တီထွင်နိုင်စွမ်း၊ ထုတ်ကုန်အသစ်များနှင့် ဖြေရှင်းနည်းများကိုဖန်တီးနိုင်စွမ်းနှင့် မြန်မာနိုင်ငံတွင် လူသိများသော ကျွန်ုပ်တို့၏ ကုန်အမှတ်တံဆိပ်များကို ရည်ညွှန်းပါသည်။

င) မြန်မာ့သြဘာလုပ်ငန်းစု၏ သဘာဝအရင်းအနှီးသည် ကျွန်ုပ်တို့လုပ်ငန်းလည်ပတ်ရန် လိုအပ်သော သဘာဝအရင်းအမြစ်များသာမက စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးပါသော သဘာဝဂေဟစနစ်မှ ပေးစွမ်းသော ဝန်ဆောင်မှုများလည်း ပါဝင်ပါသည်။



မြန်မာ့သြဘာလုပ်ငန်းစုသည် အရည်အသွေးမြင့်ပြီးလိုအပ်ချက်အတိုင်းဖော်စပ်ထားသောမြေသြဇာများကို အဓိက ကုန်အမှတ်တံဆိပ်လေးမျိုးဖြင့်ထုတ်လုပ်ထားပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ အဆိုပါမြေသြဇာလေးမျိုးသည်မျိုးစုံသောသီးနှံများအတွက် အကောင်းဆုံး အာဟာရကို ပေးစွမ်းနိုင်ပြီး လယ်သမားများအတွက် ပိုမိုမြင့်မားသော အထွက်နှုန်းနှင့်ပိုမိုကောင်းမွန်သော အမြတ်အစွန်းများကိုရရှိရန်သေချာစေပါသည်။



မြန်မာ့သြဘာလုပ်ငန်းစုသည် ပိုးသတ်ဆေးများ၊ မှိုသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ၊ ရွက်ဖြန်းမြေသြဇာများနှင့် အပင်ကြီးထွားစေသည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုး အပါအဝင် များစွာသော ထုတ်ကုန်များကို ဒေသတွင်း၌သာ ထုတ်လုပ်သည် ဖြစ်သောကြောင့် ဈေးနှုန်းများ သက်သာစေပါသည်။

MMK

မြန်မာ့သြဘာလုပ်ငန်းစုသည် တောင်သူလယ်သမားများ၏ လုပ်ငန်းငယ်များရေရှည်တည်တံ့ကြီးထွားနိုင်ရေးအတွက် အသေးစားချေးငွေနှင့် ငွေကြေးဆိုင်ရာလိုအပ်ချက်များကိုသဘောပေါက်နားလည်ထားပါသည်။ ထို့ကြောင့် မြန်မာ့သြဘာလုပ်ငန်းစုသည် မြန်မာနိုင်ငံရှိ တောင်သူလယ်သမားအားလုံးအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို ပေးစွမ်းရန် ရည်ရွယ်ထားပါသည်။



မြန်မာ့သြဘာလုပ်ငန်းစုသည် နည်းပညာကို အသုံးပြု၍ တောင်သူလယ်သမားများအား ၎င်းတို့၏ အထွက်နှုန်းများ ပိုမိုကောင်းမွန်လာစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုများမှ တစ်ဆင့် ပိုမိုကောင်းမွန်သော အကျိုးအမြတ်များ ရရှိစေရန် ဝန်ဆောင်မှုအသစ်များနှင့်ဖြေရှင်းနည်းများကို ပေးစွမ်းလျက် ရှိပါသည်။

1. Central Statistical Organization, 2024 Myanmar Statistical Yearbook.
2. Central Statistical Organization, Myanmar Agricultural Statistics (2013-2014 to 2021-2022), 2023.
3. Ministry of Labour, Annual Labour Force Survey 2017, 2017.

| အရင်းအနှီးများ | ဘဏ္ဍာနှစ် ၂၀၂၃/၂၄ တွင် ထည့်သွင်းမှုများ | ဘဏ္ဍာနှစ် ၂၀၂၃/၂၄ တွင် ရရှိခဲ့သောရလဒ်များ |
|---|---|---|
| လူသားအရင်းအနှီး | • ၂,၇၂၅ ယောက်သောဝန်ထမ်းများ<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်သားအင်အားကို စီမံခန့်ခွဲရန် HR အဖွဲ့တစ်ဖွဲ့<br>• တရားမျှတပြီး လုံခြုံသော လုပ်ငန်းခွင်ကို တည်ဆောက်ရန် မူဝါဒများ ချမှတ်ခြင်း | • ဝန်ထမ်း ၁၂၇ ဦးအား ရာထူးတိုးမြှင့်ခဲ့ခြင်း<br>• ဝန်ထမ်း ၅၆၅ ဦး ခန့်အပ်ခဲ့ခြင်း<br>• ဝန်ထမ်း ၄,၅၇၂ ဦးအား လေ့ကျင့်ပေးခဲ့ခြင်း<br>• စုစုပေါင်း ၉၆၂ နာရီ သင်တန်းပို့ချခဲ့ခြင်း<br>• မတော်တဆထိခိုက်မှု ၂၈ ခု မှတ်တမ်းတင်ခဲ့ခြင်း<br>• ကျင့်ဝတ်စည်းမျဉ်းချိုးဖောက်မှု ၉ ခု |
| လူမှုအရင်းအနှီး | • ၄,၆၀၀+ ဖြန့်ဖြူးရောင်းချသူများ<br>• ကုန်ကြမ်းပေးသွင်းသူ ၁,၄၉၉ ဦး<br>• လူထုထံမှ တိုင်ကြားချက် ၁ ခု လက်ခံရရှိခဲ့ခြင်း | • ၃၉၂,၀၀၀+ လယ်သမားများအား ဝန်ဆောင်မှုပေးခဲ့ခြင်း<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို တာဝန်ယူမှုရှိစွာ အသုံးချနိုင်ရန် သင်တန်းပေါင်း ၃,၉၃၁ ခုကို ပြုလုပ်ခဲ့ခြင်း<br>• ၁၂၂,၅၆၀ ဦး လယ်သမားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း<br>• ၈၈% သော မြန်မာ့သြဘာလုပ်ငန်းစု၏ ကုန်ကျစရိတ်များကို မြန်မာနိုင်ငံရှိ ပံ့ပိုးသူများဖြင့် ပြုလုပ်ခဲ့ခြင်း<br>• လူထုထံမှ တိုင်ကြားချက် ၁ ခု ကိုဖြေရှင်းခဲ့ခြင်း |
| စက်မှုအရင်းအနှီး | • မှော်ဘီမြို့နယ်ရှိ ထုတ်လုပ်မှုနေရာ ၁ ခု<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ စက်မှုလုပ်ငန်းဆိုင်ရာ ပိုင်ဆိုင်မှုများကို တိုးချဲ့ရန် မြန်မာကျပ် ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ခြင်း | • စီမံကိန်းအသစ် ၂ ခုအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း<br>• ထုတ်လုပ်မှုလိုင်း ၁ ခုအား ခေတ်မီအောင် ပြုပြင်ခဲ့ခြင်း |
| ဉာဏအရင်းအနှီး | • R&D အဖွဲ့တစ်ခုနှင့် ဓာတ်ခွဲခန်းတစ်ခု<br>• လယ်သမားများအတွက် နည်းပညာဆိုင်ရာ ဖြေရှင်းနည်းအသစ်များ ဖွံ့ဖြိုးတိုးတက်ရန် အဖွဲ့တစ်ခု | • မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်စာရင်းတွင် ၅၃၁ ခုသော ထုတ်ကုန်များ ပါဝင်ခြင်း<br>• ထုတ်ကုန်အသစ် အခု ၈၀ အား ထပ်မံထုတ်လုပ်ခဲ့ခြင်း |
| သဘာဝအရင်းအနှီး | • ၁၈၃,၀၀၀ တန် ကျော် ကုန်ကြမ်းများ အသုံးပြုခဲ့ခြင်း<br>• ၂၅,၆၃၆ MWh စွမ်းအင်အား အသုံးပြုခဲ့ခြင်း<br>• ၆၁,၂၂၈ ကုဗမီတာ ရေ အသုံးပြုခဲ့ခြင်း<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ ပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်ကို စောင့်ကြည့်ရန် အဖွဲ့တစ်ခု ထားရှိခြင်း | • ၅၇၆ တန် စွန့်ပစ်ပစ္စည်းများ ထုတ်လုပ်ခဲ့ခြင်း<br>• eq. $CO_2$ ၆,၇၂၉ တန် ထုတ်လွှတ်ခဲ့ခြင်း<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ လေထုထဲသို့ ထုတ်လွှတ်မှုများသည် နိုင်ငံတော်လမ်းညွှန်ချက်များနှင့် ကိုက်ညီခဲ့ခြင်း |

